**YANGON AERODROME COMPANY LIMITED**

*Setting the standard for high performance*

**Press Release**

## မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) တွင် ကျင်းပပြုလုပ်

**ရန်ကုန်- အောက်တိုဘာ ၃၁ ရက်၊ ၂၀၁၈ ခုနှစ်** - မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) Terminal 3 တွင် အောက်တိုဘာလ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးစီးပြုလုပ်ခြင်းဖြစ်ပြီး အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ခဲ့သော ဂျပန် နှင့် တောင်ကိုရီးယားနိုင်ငံသား ခရီးသည်များအတွက် မြန်မာနိုင်ငံသို့ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် နှင့် တရုတ်နိုင်ငံသားခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုမှု၏ နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါသည်။ Yangon Aerodrome Company Limited (YACL) အနေဖြင့်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သည့် International Travel Asia (ITA) နှင့် ပူးပေါင်း၍ အဆိုပါအစည်းအဝေးကျင်းပရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ITA သည် လက်ရှိ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တွန်းအားပေးဆောင်ရွက်နေသော ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်ပြီး အေးရှားပေါ့လ်ကုမ္ပဏီများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးကို ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးသို့ မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တရုတ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကုန်သွယ်ရေးအဖွဲ့အစည်းများ၊ တရုတ်လေကြောင်းလိုင်းများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ တရုတ်မီဒီယာများ၊ ICBC Bank ၊ YACL နှင့် ITA မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် duty-free အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသော RGS မှ တာဝန်ရှိသူများလည်း တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က "ဒီနေ့ အစည်းအဝေးဟာ မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ အစည်းအဝေးတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဖွံ့ ဖြိုးတိုးတက်ရေးအတွက် မူဝါဒတွေ၊ လမ်းညွှန်ချက်တွေ ချမှတ်နေပါတယ်။ တရုတ်ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ချင်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ နွေးထွေးပျူငှာသည့်ဝတ်ကျေပွန်မှုကို သိရှိခံစားနိုင်စေဖို့ ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံတွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ နဲ့ တခြားခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေ စသဖြင့် အဖက်ဖက်က အသင့်ဖြစ်နေဖို့ လိုပါတယ်။ ခရီးသွားတွေအနေနဲ့ မြန်

မာနိုင်ငံအလည်အပတ်ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိနားလည်သွားစေဖို့ကလည်း အရေးကြီးပါတယ်။” ဟု ပြောကြားသွားပါသည်။




*မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။*

ဆွေးနွေးမှုများ ပြုလုပ်ရာတွင် YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ နှင့် စွမ်းဆောင်ရည်များကို တင်ပြပြောကြားသွားခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Operation Director Mr. Pedro Cavem မှလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ထပ်မံဖြည့်တင်းထားသော ဂန်ဆောင်မှုအသစ်များ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပိုမိုများပြားသည့် ခရီးစဉ်များ နှင့် ခရီးသည်များကို ဂန်ဆောင်မှုပေးနိုင်ရန် အသင့်ရှိကြောင်း ပြောကြားသွားခဲ့ပါသည်။ YACL အနေဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ဂန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲဂန်ဆောင်မှုပေးလျက်ရှိသော ၄င်း၏ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် Pioneer Aerodrome Services Company Limited နှင့်ပူးပေါင်း၍ တရုတ်အခြေစိုက်လေကြောင်းလိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ITA နှင့်လည်း ပူးပေါင်း၍ တရုတ် - မြန်မာ ခရီးစဉ်အသစ်များ ထပ်တိုးပြေးဆွဲရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာ့ခရီးသွားလုပ်

ငန်းမြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဗီဒီယိုများ နှင့် လက်ကမ်းစာစောင်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိပါသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ခရီးစဉ် ၁၀ ခု ကျော် နေ့စဉ်ပြေးဆွဲလျက်ရှိပြီး တရုတ်နိုင်ငံ မြို့ကြီးများမှလည်း ရန်ကုန်သို့ ပြေးဆွဲမည့် ခရီးစဉ်အသစ်များလည်း လာမည့်လအနည်းငယ်အတွင်း ထပ်မံတိုးလာမည်ဖြစ်ပါသည်။ YACL အနေဖြင့် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ၏ မြို့ကြီးများကိုသာမက ခရီးသွားလာမှုများပြားနိုင်ခြေရှိသည့် အခြားသော နိုင်ငံတကာခရီးစဉ်သစ်များကိုပါ ထပ်မံပြေးဆွဲသွားနိုင်ရန် နိုင်ငံတော်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ပါဝင်ဆွေးနွေးသူများမှ တင်ပြဆွေးနွေးခဲ့ကြပြီး လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသွားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ အနေဖြင့်လည်း မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ယူဆောင်ရွက်ပေးကြပါရန် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ နိဂုံးချုပ်အမှာစကားပြောကြားသွားခဲ့ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီး

များနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၀ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၈ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ် အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။